မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ
January 7 , 2026 Volume 98, Number 3

# မတ်ပဲ၊ ပဲစင်းငုံနီ စျေးပြန်တက်လာပြီး ပဲကြီးနှင့်ကုလားပဲ အကျစျေးမှာဆက်ရှိ၊ ကြက်သွန်ဖြူလည်း စျေးကျ




**တစ်ပတ်အတွင်း သီးနှံစျေးကွက် သုံးသပ်ချက်( ၂၉. ၁၂.၂၀၂၅ မှ ၂. ၁. ၂၀၂၆)**

**မတ်ပဲ**

မတ်ပဲကတော့ ၂၀၂၅ ခုနှစ်ရဲ့ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ အတက်ပြပြီး တစ်တန်ကို ၂၇ သိန်းကျပ်ကျော် စျေးတန်းပြန်ရောက်ရှိခဲ့ပါတယ်။ ဒီဇင်ဘာ နောက်ဆုံးပတ်ကာလမှာ ကုန်စည်ဒိုင်တွေ ဖွင့်ခဲ့ပြီး အရောင်းအဝယ် သိပ်မရှိပေမယ့်လည်း စျေးကွက်က အတက်ဘက်ကို ရောက်လာခဲ့တယ်လို့ သိရပါတယ်။

လက်ရှိမှာ စျေးကွက်ထဲကို မတ်ပဲအသစ်တွေ ဝင်ရောက်မှုရှိနေပြီး အရည်အသွေး ညံ့တာတွေက စျေးသိပ်မရပါဘူး။ မတ်ပဲကို ပြည်ပတင်ပို့မှု ရှိပေမဲ့ ပမာဏနည်းတယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ၂,၇၀၆,၀၀၀ ကျပ်၊ အင်္ဂါနေ့မှာ ၂,၇၀၄,၀၀၀ ကျပ်၊ ဗုဒ္ဓဟူးနေ့မှာတော့ ၂,၇၂၀,၀၀၀ ကျပ် စျေးရှိခဲ့ပါတယ်။ အရင်အပတ်တုန်းက မတ်ပဲ FAQ တစ်တန်ကို ၂,၆၇၆,၀၀၀ ကျပ်မှ အမြင့်ဆုံး ၂,၇၀၅,၀၀၀ ကျပ်အထိ ရှိခဲ့ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံနီကလည်း ဒီဇင်ဘာနောက်ဆုံးပတ်မှာတော့ အကျရပ်သွားပြီး နှစ်သစ်မှာတော့ တဖန် အတက်ပြလာပါတယ်။ စျေးနှုန်းအတက်ပြလာပြီး တစ်တန်ကို ၂၆ သိန်းဝန်းကျင်ပြန်ရှိလာတာဖြစ်ပါတယ်။ အရင်တစ်ပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂၅,၀၀၀ ကျပ်

| ၇.၁ .၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၂.၄၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၂.၄၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၁၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

လောက် ဈေးတက်လာတာ ဖြစ်ပါတယ်။

ပဲစင်းငုံနီက လက်ရှိ ဈေးကွက်မှာ ဝယ်လိုအားရှိသလို ရောင်းချသူလည်း ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ပဲစင်းငုံနီက ယခုနှစ် အထွက်နှုန်းလျော့နည်းလို့ နောက်ပိုင်းမှာ ကုန်ပစ္စည်းရှားပြီး ဈေးကောင်းနိုင်မဲ့ အခြေအနေရှိတယ်လို့ သုံးသပ်မှု ရှိနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ၂,၅၇၅,၀၀၀ ကျပ်၊ အင်္ဂါနေ့မှာ ၂,၅၉၀,၀၀၀ ကျပ်၊ ဗုဒ္ဓဟူးနေ့မှာ ၂,၅၉၅,၀၀၀ ကျပ် ဈေးရှိပါတယ်။ အရင်အပတ်က တနင်္လာနေ့ကနေ သောကြာနေ့အတွင်း ပဲစင်းငုံနီ တစ်တန်ကို ၂,၅၄၀,၀၀၀ ကျပ်မှ ၂,၅၇၅,၀၀၀ ကျပ်အထိ ရှိခဲ့ပါတယ်။

**ပဲကြီး**

ပဲကြီးကတော့ အခုတစ်ပတ်မှာလည်း ဈေးထပ်ကျလာတာ တွေ့ရပါတယ်။ မန္တလေးကုန်စည်ဒိုင်ကို ပဲကြီးအသစ်တွေ အဝင်ရှိနေတဲ့အပြင် မကြာခင်မှာ ရှမ်းတောင်မှ ပဲကြီးအသစ်တွေ ပေါ်လာတော့မှာဖြစ်ပါတယ်။ ပဲကြီးက ဈေးကျပေမဲ့ အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ မကြာခင် ရှမ်းဒေသမှ ပဲကြီးအသစ်တွေ စတင်ပေါ်လာတော့မှာဖြစ်ပြီး ကုန်ချိန် အကန့်အသတ်မရှိ အဝယ်လိုက်နေတယ်လို့ သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ပဲကြီး (က) ၅၅ ဒသမ ၂၅ ပိဿာကို ၅၅၀,၀၀၀ ကျပ်မှ ၅၈၀,၀၀၀ ကျပ်အထိရှိပြီး အရင်အပတ် ကထက် ၂၀,၀၀၀ မှ ၃၀,၀၀၀ ကျပ် ဈေးကျပါတယ်။ ပဲကြီး (လ) က ၅၀၀,၀၀၀ ကျပ်မှ ၅၃၀,၀၀၀ ကျပ်အထိ ရှိပါတယ်။ ပဲကြီး (သ) ကတော့ ၄၀၀,၀၀၀ ကျပ်မှ ၄၅၀,၀၀၀ ကျပ်အထိရှိပြီး တစ်အိတ်ကို ၃၀,၀၀၀ ကျပ်လောက်အထိ ဈေးပြန်ကျသွားတာ ဖြစ်ပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ဒီဇင်ဘာနောက်ဆုံးပတ်အထိ အကျဈေးတန်းမှာပဲ ဆက်ရှိနေပါတယ်။ နှစ်ကုန်အထိ အကျဈေးနဲ့ ပိတ်ခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာဒုတိယပတ်ကစပြီး ဆက်တိုက် ဈေးပြန်ကျလာတာဖြစ်ပါတယ်။

လက်ရှိမှာ ဈေးကွက်ထဲကို ကုလားပဲအသစ်တွေ ဝင်ရောက်မှုရှိနေပြီး စားသုံးမှု ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှတဲ့အတွက် ဈေးကျလာတာဖြစ်တယ်လို့ သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ကုလားပဲ V2 တစ်အိတ်ကို ၂၃၃,၀၀၀ ကျပ်ရှိပြီး ကုလားပဲ V7 တစ်အိတ်က ၂၂၂,၀၀၀ ကျပ် ရှိပါတယ်။ ကုလားပဲ ထိုင်ဝမ်က တစ်အိတ်ကို ၂၁၈,၀၀၀ မှ ၂၂၀,၀၀၀ ကျပ်အထိရှိပြီး ကုလားပဲ 929 က ၂၃၀,၀၀၀ ကျပ် ရှိပါတယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူကတော့ ဈေးကွက်ထဲမှာ ကြူကုတ်ရော ရှမ်းကြက်သွန်ဖြူတွေပါ ဈေးနှုန်းကျနေတယ်လို့ သိရပါတယ်။ ကြူကုတ်ကြက်သွန်ကတော့ ကုန်ပစ္စည်းအဝင်များတဲ့အခါ ဈေးနှုန်းကျသွားပြီး ကြက်သွန်အဝင်နည်းပြီး ရောင်းလိုအား၊ ဝယ်လိုအား မမျှတဲ့အခါမှာ ဈေးနှုန်းမြင့်တက်တဲ့ အခြေအနေဖြစ်နေပါတယ်။

ရှမ်းကြက်သွန်ဖြူတွေကလည်း ရောင်းလိုအားများပြီး ဝယ်လိုအားနည်းတဲ့အတွက် အကျဈေးတန်းမှာရှိနေတာ ဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ကြူကုတ်ကြက်သွန်တစ်ပိဿာကို ၁၂,၀၀၀ ကျပ်မှ ၁၃,၀၀၀ ကျပ်သာရှိပြီး အောင်ပန်း ထူး (၂) က ၃,၅၀၀ ကျပ်၊ ထူး (၃) က ၄,၅၀၀ ကျပ်၊ ထူး (၄) က ၅,၅၀၀ ကျပ်နဲ့ ထူး (၅) က ၆,၅၀၀ ကျပ်ရှိပါတယ်။

**Source: AMIA**

**https://htwettoe.com/download**

## အာလူးဈေးများပြန်ကျလာ

မကွေးမြို့ပေါ်ရှိဈေးများတွင် အာလူးဈေးများ ယခင်ထက်ဈေးကျလာကြောင်း ဈေးကွက်အရ သိရှိရသည်။ ရှမ်းအာလူး များကို စားသုံးမှုများသော်လည်း စားသောက်ဆိုင်များမှာ တရုတ်အာလူးများကို အသုံးများကြသည်။ ဒေသထွက် အာလူး

များသည် ထွက်ပေါ်ချိန်မှသာ စားသုံးကြရပြီး ရှမ်းအာလူးကိုသာ အများဆုံးစားသုံးကြရသည်။ အာလူးအရည်အသွေးများ ကျဆင်းခြင်းကြောင့် ဈေးအနည်းငယ် ပြန်ကျလာခြင်းလည်းဖြစ်သည်။

ဈေးကျလာခြင်းကြောင့် အာလူးစားသုံးမှုများလာပြီး အရောင်းအဝယ်လည်းသွက်လာသည်။ အာလူးသည် ဟင်းအဖြစ်လည်းကောင်း၊ မုန့်အဖြစ်လည်းကောင်း၊ အာလူးကြော်အဖြစ်လည်းကောင်း အမျိုးမျိုးစားသုံး၍ရသဖြင့် စားသုံးမှုများသည့် စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည်။

အာလူးဈေးများမှာ အရွယ်အစားအလိုက် ဈေးကွာခြားပြီး နိုဝင်ဘာလတွင် အာလူးတစ်ပိဿာလျှင် ကျပ် ၅၀၀၀/၆၅၀၀/၇၀၀၀ ဈေးအထိရှိနေပြီး ယခုဒီဇင်ဘာလတွင် အာလူးတစ်ပိဿာလျှင် ကျပ် ၄၅၀၀/၅၅၀၀/၆၅၀၀ ဈေးသာရှိသည့်အတွက် ယခင်လထက် ကျပ် ၅၀၀/၁၀၀၀ ဈေးကျလျက် အရောင်းအဝယ်ဖြစ်နေသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article

## ပဲစင်းငုံအသစ်များ ဈေးကွက်ထဲဝင်ရောက်လာ

မကွေးတိုင်းဒေသကြီးအတွင်း အောင်လံကုန်စည်ဒိုင်သို့ ပဲစင်းငုံအသစ်များ ဒီဇင်ဘာလ လယ်မှစ၍ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။ နောက်မိုးများခြင်းကြောင့် ပဲစင်းငုံအရည်အသွေးကျဆင်းပြီး အချို့မှာ အစေ့အဆန်မအောင်ခြင်း၊ အထွက်နှုန်းလည်း သိသိသာသာကျဆင်းနိုင်သည်ဟု ကုန်သည်တစ်ဦးထံမှ သိရှိရသည်။

ပဲစင်းငုံကို အိန္ဒိယမှအများဆုံးဝယ်ယူနေပြီး ဝယ်လိုအားပေါ်မူတည်၍ ဈေးအတက်အကျ ဖြစ်ပေါ်လျက်ရှိနေသည်။ ယခုတစ်ပတ်တွင် ပဲစင်းငုံ(အသစ်)ဈေးအနည်းငယ် မြင့်တက်လျက်ရှိနေပြီး ပေါ်စဖြစ်၍ ဈေးကွက်ထဲသို့ အနည်းငယ်သာ ဝင်ရောက်လျက်ရှိသည်။ အရည်အသွေးပေါ်မူတည်၍လည်း ဈေးနှုန်းကွာခြားမှု ရှိနေသည်။

ပဲစင်းငုံဈေးနှုန်းများမှာ ယခင်တစ်ပတ်တွင် ပဲစင်းငုံ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၇၉,၅၀၀၊ ယခုတစ်ပတ်တွင် ပဲစင်းငုံ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၈၂,၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ပဲစင်းငုံ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၂၅၀၀ အထိ ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ပဲစင်းငုံအသစ်များပေါ်ချိန်တွင် ဈေးကွက်ထဲသို့ တစ်ရက်လျှင် အိတ် ၁၀၀ မှ ၃၀၀ အတွင်း ဝင်ရောက်၍ လှောင်လက်များမှ အဝယ်ရှိနေကြောင်း သိရှိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

**https://myantrade.gov.mm/article/naypyitaw_6-1-202611:10**

## ဒီဇင်ဘာလဒုတိယပတ်တွင် မန္တလေးနှမ်း ကျဆင်းလျက်ရှိ




ပြည်တွင်းစားဆီကြိတ်ခွဲမှုနှင့် ပြည်ပသို့တင်ပို့သည့် နှမ်းအား မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ -၂၀၂၆ ခုနှစ်တွင် စိုက်ပျိုးမှု ၉၂၃,၁၅၃ ဧက၊ ရိတ်သိမ်းမှု ၈၉၈,၀၅၂ ဧက၊ အထွက်နှုန်း ၅ ဒသမ ၁၉ တင်းနှင့် အထွက်စုစုပေါင်း ၄,၆၆၁,၉၈၈ တင်းဖြစ်ကြောင်း သိရသည်။ မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း နှမ်းအမျိုးအစားအလိုက် ပေါက်ဈေးများမှာ ၃ တင်းဝင်အိတ် (၄၅ ပိဿာပါ) တစ်အိတ်လျှင် နှမ်းဖြူ (ဂျပန်) ၂၈၅,၀၀၀ ကျပ်နှင့် ၂၉၀,၀၀၀ ကျပ်၊ နှမ်းဖြူ(ဗမာ) ၂၆၅,၀၀၀ ကျပ်နှင့် ၂၇၀,၀၀၀ ကျပ်၊ နှမ်းညို ၂၆၀,၀၀၀ ကျပ်နှင့် ၂၇၅,၀၀၀ ကျပ်၊ တစ်ပိဿာဈေးမှာ နှမ်းဖြူ (ဂျပန်) ၆၃၃၃ ကျပ်နှင့် ၆၄၄၄ ကျပ်၊ နှမ်းဖြူ(ဗမာ) ၅၈၈၉ ကျပ်နှင့် ၆၀၀၀ ကျပ်၊ နှမ်းညို ၅၇၇၈ ကျပ်နှင့် ၆၁၁၁ ကျပ် ဈေးတို့ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူပေါက်ဈေးမှာ တစ်ပိဿာလျှင် နှမ်းဖြူ(ဂျပန်) ၉၃၃၃ ကျပ်နှင့် ၉၅၅၆ ကျပ်၊ နှမ်းဖြူ (ရိုးရိုး) ၈၂၂၂ ကျပ်နှင့် ၈၅၅၆ ကျပ်၊ နှမ်းညို ၇၀၀၀ ကျပ်နှင့် ၇၁၁၁ ကျပ်၊ နှမ်းနီ ၇၇၇၈ ကျပ်နှင့် ၇၈၈၉ ကျပ်၊ နှမ်းဝါ ၇၄၄၄ ကျပ်နှင့် ၇၅၅၆ ကျပ်တို့ဖြစ်ပေါ်ခဲ့ပြီး၊ ယခုနှစ်နှင့် ယခင်နှစ်ကာလတူဈေး

နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်တွင် နှမ်းဈေးမှာ အနည်းငယ်ကျဆင်းသွားကြောင်း သိရသည်။

**Source: DOCA(မန္တလေး)**

**https://www.doca.gov.mm/my/node/61662**

## အိုးမုန်ညင်းစိုက်တောင်သူများ ဝယ်သူမရှိ၍ အရှုံးပေါ်နေ



နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာအုပ်စု၊ ထိန်ပင်ကျွေးရွာက အိုးမုန်ညင်းစိုက် တောင်သူတွေ အနေနဲ့ အခုနှစ်အတွင်း ဝယ်ယူသူမရှိတဲ့အတွက် အရှုံးပေါ်နေတယ်လို့ ဒေသခံ အိုးမုန်ညင်းစိုက် တောင်သူတွေက ပြောပါတယ်။

အိုးမုန်ညင်းစိုက်တောင်သူတွေဟာ အိုးမုန်ညင်းတစ်စည်းကို တစ်ရာကျပ်ဈေးနဲ့ ကုန်စိမ်းဈေးတွေမှာရောင်းချတာကို ဝယ်ယူတဲ့သူမရှိ ဖြစ်နေတာလို့ဆိုပါတယ်။ အိုးမုန်ညင်းကေဝက်ကျော်စိုက်ပျိုးရာမှာ မျိုးစေ့ခ၊ မြေဩဇာခ၊ ထွန်ယက်ခ၊ ဆေးဖိုးနဲ့လုပ်အားခအပါအဝင် ကျပ် ၁၀ သိန်းလောက်ကုန်ကျပြီး အရင်းပြန်မရတဲ့အတွက် အရှုံးပေါ်နေတယ်လို့ အိုးမုန်ညင်းစိုက်တောင်သူ ဒေါ်မိုးသူကပြောပါတယ်။ ဒေသခံ တောင်သူတွေဟာ အခုလိုပွင့်လင်းရာသီမှာ အိုးမုန်ညင်းအပြင် ဆလတ်ရွက်ကိုလည်း စိုက်ပျိုးကြကာ အိုးမုန်ညင်း ထွက်ရှိချိန်မှာတော့ ပျဉ်းမနား၊ အာဟာရသုခ ကုန်စိမ်းဈေးမှာ ရောင်းချကြတာပါ။

အိုးမုန်ညင်းစပေါ်ချိန်မှာ အခုလို ဝယ်သူမရှိဘဲ အရှုံးပေါ်နေကြတာဖြစ်ပြီး အဝယ်လိုက်လာရင်တော့ အရှုံးသက်သာမယ်လို့ ဆိုပါတယ်။ ထိန်ပင်ကျွေးရွာက အိုးမုန်ညင်းစိုက်တောင်သူတွေဟာ တစ်နှစ်ကို နှစ်ကြိမ် သုံးကြိမ်လောက်စိုက်ကြပြီး၊ နောက်စိုက်ခင်းတွေအတွက် မျိုးစေ့ခ၊ မြေဩဇာခနဲ့ပိုးသတ်ဆေးဈေးနှုန်းတွေ ကျဆင်းလာမယ်ဆိုရင် အဆင်ပြေလာနိုင်တယ်လို့ ပြောပါတယ်။

**Source:** https://onenewstvchannel.com/business/market/

## ပထမဆုံးအကြိမ်အဖြစ် စားအုန်းဆီထွက်ရှိမှု တန်ချိန် သန်း ၂၀ တန်ခန့် ရောက်ရှိခဲ့သည့် မလေးရှားနိုင်ငံ



၂၀၂၅ ခုနှစ်အတွက် မလေးရှားနိုင်ငံ၏ စားအုန်းဆီထွက်ရှိမှုသည် ပထမဆုံးအကြိမ်အဖြစ် တန်ချိန် သန်း၂၀ တန်ခန့် ကျော်လွန်ခဲ့ကြောင်းနှင့် ၎င်းထွက်ရှိမှု မြင့်တက်ခြင်းသည် အကျိုးသက်ရောက်မှုရှိသော ရိတ်သိမ်းမှုများ၊ လုပ်သားအင်အားမြင့်တင်မှုများနှင့် စိုက်ပျိုးမြေများ တိုးချဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရပါသည်။

မလေးရှားနိုင်ငံသည် ယခုနှစ်အတွင်း စားအုန်းဆီ တန်ချိန် ၂၀ သန်းမှ ၂၀ ဒသမ ၅ သန်းတန်အထိ ထွက်ရှိရန် မျှော်မှန်းခဲ့ပြီး အကျိုးသက်ရောက်မှုရှိသော ရိတ်သိမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ စားအုန်းဆီဘုတ်အဖွဲ့MPOB မှ ညွှန်ကြားရေးမှူးချုပ်ဆိုသူ Datuk Dr Ahmad Parveez Ghulam Kadir ကဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ နိုဝင်ဘာလတွင် စားအုန်းဆီထွက်ရှိမှုပမာဏသည် ဒုတိယမြောက် အများဆုံးဖြစ်ကြောင်း MPOB မှထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရပါသည်။ စားအုန်းဆီကို တရုတ်နိုင်ငံမှ အဓိကတင်သွင်းလျက်ရှိပြီး တရုတ်နှစ်သစ်ကူးပွဲတော်များအတွက် စားအုန်းဆီဝယ်ယူမှုများ မြင့်တက်လာနိုင်ကြောင်း MPOB မှထုတ်ပြန်ချက်များအရ သိရှိရပါသည်။

**Source: The Edge Malaysia DOCA (ရန်ကုန်)**

## အာရှနိုင်ငံများမှ ဆန်တင်သွင်းမှုအားကန့်သတ်ရန် ဥရောပသမဂ္ဂစဉ်းစားနေ



ဥရောပသမဂ္ဂ(EU) အနေဖြင့် အာရှနိုင်ငံများမှ ဆန်တင်သွင်းမှုကို ကန့်သတ်ရန် စဉ်းစားနေကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ရေးသား ဖော်ပြချက်အရ သိရသည်။

ဥရောပသမဂ္ဂသည် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့မှ ဆန်များကို အဓိက တင်သွင်းလျက် ရှိနေသည့်အပြင် အခြားအာရှနိုင်ငံများမှလည်း ဆန်များကို တင်သွင်းလျက်ရှိနေသည်။ သို့သော် ယခုအချိန်တွင် အဆိုပါ ဆန်တင်သွင်း နေမှုကို ကန့်သတ်ရန်ပြင်ဆင်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနတွင် ရေးသားထားခြင်း ဖြစ်သည်။

ဥရောပသမဂ္ဂ(EU)၏ အာရှနိုင်ငံများမှ ဆန်တင်သွင်းမှုအား ကန့်သတ်ချက်ကို ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင် အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ(EU)၏ မူဝါဒသစ်တွင် Basmati ဆန်နှင့် Non-Basmatiဆန် အမျိုးအစား နှစ်မျိုးစလုံးကို အထူးရည်ရွယ် ထားကြောင်းနှင့် အာရှမှဆန်များ ဥရောပသို့ အလွန်အကျွံဝင်ရောက်လာခြင်းမရှိစေရန် အခွန်နှုန်းထားကိုလည်း တိုးမြှင့် ထားကြောင်း သိရသည်။

ဥရောပသမဂ္ဂ(EU)၏ အဆိုအရ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှ ဆန်တင်သွင်းမှု စုစုပေါင်းမှာ တန်ချိန် ၁ ဒသမ ၅ သန်းအထိရှိကြောင်း၊ လက်ရှိအချိန်တွင် ယင်းအာရှနိုင်ငံများသည် ဆန်အမျိုးအစားအားလုံးနှင့် ထုတ်လုပ်မှု အဆင့် အားလုံးတို့အတွက် ဦးစားပေး သုညရာခိုင်နှုန်း အကောက်ခွန်ကို ခံစားခွင့်ရရှိနေကြကြောင်း သတင်းတွင် ထပ်မံဖော်ပြ ထားသည်။

**ကိုးကား-ဘီဘီစီ**

**The Standard Time Daily**

## STOCK EXCHANGE (7.1.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Jan. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 78,390 (Shares) | 199,029,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 178 | 1,530,800 | 33,109,698 | 284,743 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,750 | 3,800 | 3,700 | 1,053 | 3,961,350 | 38,929,154 | 147,931 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,800 | 7,800 | 7,700 | 58 | 450,900 | 10,400,990 | 80,088 |
| FPB | 00004 | 2,550 | +0 | +0.00% | 2,500 | 2,550 | 2,500 | 59 | 147,650 | 29,664,617 | 75,645 |
| TMH | 00005 | 3,250 | -250 | -7.14% | 3,500 | 3,500 | 3,200 | 17 | 57,200 | 12,823,228 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 4,049 | 6,580,850 | 19,977,223 | 32,962 |
| AMATA | 00007 | 4,300 | -500 | -10.42% | 4,800 | 4,800 | 4,300 | 45 | 198,800 | 10,497,598 | 45,140 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 171 | 564,300 | 23,804,946 | 78,556 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 7th Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.11 | -5.03 | -1.19% | 420.32 | 420.32 | 414.50 | 5,630 | 13,491,850 | 8 | 786,741 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 7th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 83,653 (Shares) | 274,420,250 (MMK) |

### Main Board

As of 1:00 pm, 7th Jan. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 78,390 (Shares) | 199,029,850 (MMK) |

| MYANPIX | 417.11 ▼ 5.03 |
|---|---|
| Total Volume (shares) | 5,630 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 786,741 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 100 |
| FPB | 00004 | 2,550 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 250 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,300 | ▼ 500 |
| MAEX | 00008 | 3,300 | ▲ 0 |